ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၆ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

၂၀၁၆ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၆ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ – ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ် စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေ မှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ် လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ် စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ် လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ် စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင်ဖော်ပြလျာထားသောရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့် စပ်လျဉ်း၍ကရင်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၆ –၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ် လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ် စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲ

သည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၆ – ၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ် အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း(၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေရ။ အဆိုပါကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း(၃)

## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပ အကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်း၊ အကူအညီရငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေရ။ အဆိုပါ ကိစ္စရပ်များအတွက် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခွင့်ပြုနိုင်ပါသည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း

## အခန်း(၁)

## သုံးငွေများ

၈။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းသည် ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်အပေါ် ရပ်တည်၍ လုပ်ငန်းများ ကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။ သို့ရာတွင် ၂၀၁၆–၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏လိုငွေကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ခွင့်ပြုသော ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးပါမည်။

၉။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ကရင်ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၀။ (က) ဇယား (၅) တွင် ဖော်ပြထားသည့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေ များဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်သည် ဇယား(၅)တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၂)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၁။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၆–၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ကရင်ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

## အခန်း(၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၂။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းသည် ဇယား (၅) တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကိုစီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) တွင် ဖော်ပြထားသော ငွေများကို ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလို ပါကယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များ နှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အပိုင်း ၄

## သီးသန့်ရန်ပုံငွေ

၁၃။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက် ပါ စည်းကမ်းချက်များနှင့်အညီ သာလျှင် ဆောင်ရွက်ခွင့်ရှိသည်–

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက်အသုံးစရိတ် ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှကျခံခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ သာ ခွင့်ပြုရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ် ဆုံးကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးသို့တင်ပြပြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

၇/၃/၂၀၁၆

စောဝင်းထိန်

ဒေါက်တာ ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀.၀၉၂ | | ၃၃၇.၉၆၆ | | | | ၇၀၀.၀၀၀ | | | | ၁၀၃၈.၀၅၈ |
| ၂ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၆၂.၀၀၀ | | | | | | | | ၁၆၂.၀၀၀ |
| ၃ | ဥပဒေရုံးများ | ပြည်နယ် ဥပဒေချုပ် သို့မဟုတ် ပြည်နယ် ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | | | ၀.၀၃၀ |
| ၄ | စာရင်းရုံးများ | ပြည်နယ် စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၇၀ | | | | | | | | ၀.၀၇၀ |
| | | ပေါင်း | ၀.၀၉၂ | | ၅၀၀.၀၆၆ | | | | ၇၀၀.၀၀၀ | | | | ၁၂၀၀.၁၅၈ |

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၆၈၄.၉၇၁ | | ၇၀၀.၀၀၀ | ၁၁၆၆၆.၀၇၁ | | | | ၁၄၀၅၁.၀၄၂ |
| ၂ | ပြည်နယ်လွှတ်တော် | ၄င်း | ၁၇၇.၈၇၄ | | | ၃၂၃.၇၃၆ | | | | ၅၀၁.၆၁၀ |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၂.၀၉၁ | | | | | | | ၆၂.၀၉၁ |
| ၄ | ဥပဒေရုံးများ | ပြည်နယ် ဥပဒေချုပ် သို့မဟုတ် ပြည်နယ် ဥပဒေချုပ်က တာဝန်ပေးသူ | ၂၁၇.၁၇၆ | | | ၃၉.၉၀၀ | | | | ၂၅၇.၀၇၆ |
| ၅ | စာရင်းရုံးများ | ပြည်နယ် စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄၁၂.၅၈၀ | | | ၅၃.၄၃၀ | | | | ၄၆၆.၀၁၀ |
| | ပေါင်း | | ၂၅၅၄.၇၀၀ | | ၇၀၀.၀၀၀ | ၁၂၀၈၃.၁၃၇ | | | | ၁၅၃၃၇.၈၃၇ |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)-အစ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၆.၂၉၃ | | | | | | | | | | ၁၀၆.၂၉၃ |
| | ၁ | ယစ်မျိုးခွန် | | ၁၀၆.၂၉၃ | | | | | | | | | | ၁၀၆.၂၉၃ |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၄၁၀.၇၉၅ | | | | | | | | | | ၄၁၀.၇၉၅ |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၃၀.၁၆၂ | | | | | | | | | | ၃၀.၁၆၂ |
| | ၂ | တာတမံခွန် | | ၀.၀၄၅ | | | | | | | | | | ၀.၀၄၅ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၂၉၇.၄၃၃ | | | | | | | | | | ၂၉၇.၄၃၃ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၄၂.၆၁၅ | | | | | | | | | | ၄၂.၆၁၅ |
| | ၅ | အင်းအိုင်ခွန် | | ၄၀.၅၄၀ | | | | | | | | | | ၄၀.၅၄၀ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၁၇၆.၂၄၁ | | | | | | | | | | ၁၇၆.၂၄၁ |
| | ၁ | ပစ္စည်းခွန် | | ၁၆၈.၂၉၂ | | | | | | | | | | ၁၆၈.၂၉၂ |
| | ၂ | ဘီးခွန် | | ၇.၉၄၉ | | | | | | | | | | ၇.၉၄၉ |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)-အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၄ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၁.၄၃၇ | | | | | | | | ၁၁.၄၃၇ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၀.၈၆၇ | | | | | | | | ၁၀.၈၆၇ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၇၀ | | | | | | | | ၀.၀၇၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀.၅၀၀ | | | | | | | | ၀.၅၀၀ |
| ၅ | | သမဝါယမ | ၄င်း | | | ၁.၅၄၄ | | | | | | | | ၁.၅၄၄ |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁.၂၁၄ | | | | | | | | ၁.၂၁၄ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀.၃၃၀ | | | | | | | | ၀.၃၃၀ |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | | | ၈.၅၃၀ | | | | | | | | ၈.၅၃၀ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၈.၅၃၀ | | | | | | | | ၈.၅၃၀ |
| ၇ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | | | ၁၀.၄၀၀ | | | | | | | | ၁၀.၄၀၀ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၉.၆၀၀ | | | | | | | | ၉.၆၀၀ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀.၈၀၀ | | | | | | | | ၀.၈၀၀ |
| ၈ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄င်း | | | ၄.၇၃၀ | | | | | | | | ၄.၇၃၀ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၄.၆၉၅ | | | | | | | | ၄.၆၉၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀.၀၃၅ | | | | | | | | ၀.၀၃၅ |
| ၉ | | အားကစား | ၄င်း | | | ၉.၆၅၉ | | | | | | | | ၉.၆၅၉ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၉.၆၅၉ | | | | | | | | ၉.၆၅၉ |
| ၁၀ | | ဘဏ္ဍာရေး | ၄င်း | | | | | | | ၇၃၀၉၉.၀၀၀ | | | | ၇၃၀၉၉.၀၀၀ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | | ၇၃၀၉၉.၀၀၀ | | | | ၇၃၀၉၉.၀၀၀ |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)-အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁၁ | | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆၃·၀၇၅ | | | | | | | | ၆၃·၀၇၅ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၉·၉၇၀ | | | | | | | | ၉·၉၇၀ |
| | ၂ | လမ်းဦးစီးဌာန | | | | ၅၃·ဝ၉၇ | | | | | | | | ၅၃·ဝ၉၇ |
| ၁၂ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၂၆၃၂·၅၅၉ | | | | | | | | ၂၆၃၂·၅၅၉ |
| | | ပေါင်း | | ၇၇၃·၃၂၈ | | ၂၃၄၂·၃၃၄ | | | | ၃၁၀၉၉·၀၀၀ | | | | ၇၇၄၁၅·၀၆၃ |

တရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)-အစ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၆၁၃.၁၆၅ | | ၂၀.၀၀၀ | ၁၁၀၁.၉၀၅ | | | | ၅၇၃၅.၀၇၀ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၃၇၁၁.၁၄၂ | | ၂၀.၀၀၀ | ၆၆၃.၈၆၂ | | | | ၄၃၉၅.၀၀၄ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၃၅.၀၅၀ | | | | | | | ၂၃၅.၀၅၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၆၆၆.၉၇၃ | | | ၄၃၈.၀၄၃ | | | | ၁၁၀၅.၀၁၆ |
| ၂ | | သမဝါယမ | ၎င်း | ၃၉၂.၃၂၃ | | | ၄၄၀.၇၈၅ | | | | ၈၃၃.၁၀၈ |
| | ၁ | သမဝါယမဦးစီးဌာန | | ၃၀၅.၉၃၄ | | | ၁၉၃.၁၅၀ | | | | ၄၉၉.၀၈၄ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၈၆.၃၈၉ | | | ၂၄၇.၆၃၅ | | | | ၃၃၄.၀၂၄ |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၁၈၅.၉၁၆ | | | ၂၃၉.၂၈၀ | | | | ၁၄၂၅.၁၉၆ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၁၈၅.၉၁၆ | | | ၂၃၉.၂၈၀ | | | | ၁၄၂၅.၁၉၆ |
| ၄ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၃၂၁.၆၀၄ | | | ၁၃၈၃.၉၂၅ | | | | ၁၇၀၅.၅၂၉ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၃၄.၈၉၁ | | | ၂၂၀.၇၂၅ | | | | ၃၅၅.၆၁၆ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၈၆.၇၁၃ | | | ၁၁၆၃.၂၀၀ | | | | ၁၃၄၉.၉၁၃ |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၇၂၈.၇၆၄ | | | ၂၈၇.၂၃၀ | | | | ၁၀၁၅.၉၉၄ |
| | ၁ | သစ်တောဦးစီးဌာန | | ၆၈၇.၂၉၉ | | | ၈၇.၉၀၀ | | | | ၇၇၅.၁၉၉ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၄၁.၄၆၅ | | | ၁၉၉.၃၃၀ | | | | ၂၄၀.၇၉၅ |
| ၆ | | အားကစား | ၎င်း | ၂၈၀.၇၄၁ | | | ၈၈၅.၆၇၅ | | | | ၁၁၆၆.၄၁၆ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂၈၀.၇၄၁ | | | ၈၈၅.၆၇၅ | | | | ၁၁၆၆.၄၁၆ |
| ၇ | | ဘဏ္ဍာရေး | ၎င်း | ၆၆.၀၀၀ | | | ၈.၀၀၀ | | | | ၇၄.၀၀၀ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၆၆.၀၀၀ | | | ၈.၀၀၀ | | | | ၇၄.၀၀၀ |

တရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)–အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၈ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၀.၅၉၄ | | | ၇၃.၆၅၀ | | | | ၃၀၄.၂၄၄ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၃၀.၅၉၄ | | | ၇၃.၆၅၀ | | | | ၃၀၄.၂၄၄ |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | ၁၆၉၇၉.၂၄၀ | | | ၂၄၆၃၃.၄၁၁ | | | | ၄၁၆၁၂.၆၅၉ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၉၀.၉၂၇ | | | ၁၄၆၀.၇၃၁ | | | | ၁၇၅၉.၆၅၈ |
| | ၂ | လမ်းဦးစီးဌာန | | ၁၆၆၈၈.၃၂၁ | | | ၂၃၁၆၄.၆၈၀ | | | | ၃၉၈၅၃.၀၀၁ |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၄င်း | ၂၂.၆၀၆ | | | | | | | ၂၂.၆၀၆ |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၂၂.၆၀၆ | | | | | | | ၂၂.၆၀၆ |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၁၂၁၆.၅၂၂ | | | ၁၅၉၂.၂၇၈ | | | | ၂၀၀၈.၈၀၀ |
| | | ပေါင်း | | ၂၆၀၃၇.၅၆၃ | | ၂၀.၀၀၀ | ၃၀၇၂၆.၁၁၉ | | | | ၅၆၇၀၃.၆၀၂ |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၆၄၉၅.၃၀၂ | | | | ၆၄၉၅.၃၀၂ |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ပြည်နယ်အဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းများ) | | | | | ၆၄၉၅.၃၀၂ | | | | ၆၄၉၅.၃၀၂ |
| | | ပေါင်း | | | | | ၆၄၉၅.၃၀၂ | | | | ၆၄၉၅.၃၀၂ |